မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆက်ကပ် လှူဒါန်း ပူဇော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်း၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ပေကျင်းမြို့ **Ba Da Chu** ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်တော်မူသည့် **Ling Guang Si Buddhist Temple** သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆို

ထိုသို့ရောက်ရှိချိန်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာဝင် အသင်းသားအသင်းသူများက ဂုဏ်ပြုဧည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်ကြိုဆိုကြသည်။

ဖူးမြော်ကန်တော့

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လင်ကွမ်းစီစွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့်အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၃၀ ရက်)

တံတားများ ရေရှည်အသုံးချနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယနေ့ကာလ၌ နိုင်ငံတော်အစိုးရက မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ အဝေးပြေးလမ်းမကြီးများကို တည်ဆောက်ဖောက်လုပ်ထားသဖြင့် ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လျက်ရှိနေပြီဖြစ်သည်။

မကြာသေးသောကာလ မေ ၂၁ ရက်က ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၂၁၄/၂၁၅)၌ တည်ဆောက်ခဲ့သော နန့်ခွင်ချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတားသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့သောတံတား အမှတ်စဉ်(၂) ဖြစ်သည်။ တံတား အမှတ်စဉ်(၁)ဖြစ်သည့် မမြချောင်း တံတားကို ဧပြီလ ၂၈ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့် နန့်ခွင်ချောင်းတံတားကြီးသည် ကချင်ပြည်နယ်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည် ဖြစ်သည်။ ကချင်ပြည်နယ်မှ ထွက်ရှိသည့် သဘာဝသယံဇာတပစ္စည်းများ၊ ဆန်စပါး၊ ကောက်ပဲသီးနှံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကွန်ရက်သဖွယ် အရှေ့မှအနောက်၊ တောင်မှမြောက် ဆက်သွယ်ဖောက်လုပ်ထားသော လမ်းများမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။

နန့်ခွင်ချောင်းတံတားသည် သံကူကွန်ကရစ်ရေတွင်းခွေ အမျိုးအစားဖြစ်သည်။ တံတားအရှည်ပေ ၃၅၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်သည် တန် ၆၀ ဖြစ်သည်။

တည်ဆောက်ဆဲတံတားများ မြန်မြန်ပြီးစီးကာ ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးများ ခံစားနိုင်ရန်အတွက် နိုင်ငံတော်က ဖြည့်ဆည်းစွမ်းဆောင်ပေးလျက်ရှိပြီး တည်ဆောက်ပြီးတံတားများလည်း တိုင်းရင်းသားပြည်သူများ ကုန်စည်ပို့ဆောင်ရေးနှင့် သွားလာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိနေပြီဖြစ်ရာ ပြည်သူများအပိုင်းကလည်း တံတားများကို အကျိုးရှိစွာအသုံးချပြီး တံတားများ ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အငယ်တန်းစနူကာပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် Logic Myanmar တို့က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ABC BILLIARD & SNOOKER Challenge CUP 2011 ပြိုင်ပွဲ၏ အငယ်တန်း စနူကာပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ APEX BILLIARD & SNOOKER CENTRE ၌ ကျင်းပရာ ပြိုင်ပွဲတွင် အငယ်တန်း စနူကာပြိုင်ပွဲ၌ မျိုးမင်းသန့်က ဗိုလ်စွဲပြီး မောင်မောင် (ခေါ်) ဖားလေးက ဒုတိယ၊ သက်နိုင်ထွန်းက တတိယ ရရှိကြသဖြင့် ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည့် စနူကာအကြီးတန်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသွားကြသည်။

ပါဝင်ယှဉ်ပြိုင်

ဘိလိယက်အကြီးတန်းပြိုင်ပွဲကို မေ ၂၈ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပရာ ဘိလိယက်အားကစားသမား ၁၆ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ မြောင်းမြ၌ ကျင်းပ

မြောင်းမြ မေ ၂၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တိုင်းအဆင့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို မေ ၁၄ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ ခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၄ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် သန်လျင်၌ လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးလက်ကျန်းမာရေးဌာန ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားပြီး Professor Shigeru O Kada ဂုဏ်ထူးဆောင် ပါမောက္ခ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ Chairman of the Director of Myanmar-Japan Cooperation Project for Fostering Human Medical Resources (MJCP) နှင့် အလှူရှင် တိုကီဝါ-အိုကကွန် စက်မှုကုမ္ပဏီမှတာဝန်ရှိသူတို့က အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

လှူဒါန်း

အဆိုပါကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံ အိုကာယားမားမြို့ တိုကီဝါ-အိုကကွန်စက်မှုကုမ္ပဏီ၏ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် အလျားပေ ၆၀၊ အနံ ၃၂ ပေ ဆေးပေးခန်းတစ်ဆောင်၊ အလျား ၄၆ ပေ၊ အနံပေ ၃၀ရှိ သားဖွားခန်းတစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(၀၄၉)

ဝက်နားရွက်ပြာရောဂါအကြောင်း မအူပင်၌ ဟောပြော

မအူပင် မေ ၂၉

မအူပင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါနှင့် ဝက်ဝမ်းကျရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများကို မေ ၂၄ ရက် နံနက် ၉ နာရီက မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုအတွင်းရှိ ဖိုးရာဝဲကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ ကွန်ဒိုင်လေးကျေးရွာ၊ လက်ပံကုန်းကျေးရွာများ၌ ကျင်းပပြီး မအူပင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာဒေါ်ခင်စောဝင်းက ဝက်နားရွက်ပြာရောဂါနှင့် ဝက်ဝမ်းကျရောဂါအကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ကာကွယ်ဆေးထိုးနှံရေးကိစ္စများ ရှင်းလင်းဟောပြောကြသည်။

ဆေးများပေးဝေ

အခမ်းအနားအပြီးတွင် ဇီးကုန်းကျေးရွာရှိ ဦးဝင်းအောင်နှင့် ဦးထွန်းနောင်တို့၏ ဝက်ခြံများကို သွားရောက်၍ ဆေးဖျန်းခြင်း၊ ကျေးရွာရှိ ကျန်းမာရေးလုပ်သားများအား ဝက်များအတွက် ပိုးသတ်ဆေးနှင့် အားဆေးများ ပေးဝေခဲ့ကြောင်း သိရှိရသည်။

(၀၆၈)

ရေရရှိရေး ဆောင်ရွက်

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသန်းလွင်အဖွဲ့ ရွာသစ်ရွာ ရေရရှိရေးအတွက် ဆောင်ရွက်ပြီးစီးမှုကို မေ ၁၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရပါက ဆေးရုံသို့ အမြန်ပို့ပါ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်၌ မြန်မာနိုင်ငံမှလှူဒါန်းသည့် ကျွန်းသစ်များဖြင့် ပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ယင်းနောက် ဗုဒ္ဓစွယ်တော်တိုက် ကျောင်းထိုင်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ပရိတ်တရားတော်များကို ရွတ်ဆိုဆုတောင်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကျောင်းထိုင်ဆရာတော်အား ရွှေတိဂုံပုံတူ ကျောက်စိမ်းစေတီတော်၊ ကျောက်စိမ်းနဂါးရုပ်တု၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

လက်ခံသဘောတူ

ယင်းနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓစွယ်တော်မြတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ဒေသစာရီကြွချီရန်ပင့်လျှောက်ရာ ဆရာတော်က လက်ခံသဘောတူသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လင်ကွမ်းစီစွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့် အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှလှူဒါန်းသည့် ကျွန်းသစ်များဖြင့် ပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်း၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်၍ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်စိမ်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်တိုက်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၃၁-၅-၂၀၁၁

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်)
၇:၃၀	ဓမ္မပူဇာတေး
၇:၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ဘဝအသွင် ကဗျာ့အမြင် (အိုမုတ်သုန်)
၁၀:၀၀	မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	ခံတွင်းမြိန်စရာသူ့လက်ရာ (မုန့်ညင်းပေါင်း) တေးသီချင်း
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅	Talk on Line (ရိုန်မိုး)
၁၁:၅၀	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၄၀	ပြိုးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	မေတို့တွက်တာအလှကမ္ဘာ အသီးများနဲ့အလှပြင်မယ် (လိမ္မော်သီး)
၁၇:၁၅	ပြောပါရစေရှင်(စည်းကမ်း)
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၇:၄၅	ရှုးစမ်းရှာဖွေကမ္ဘာမြေ(၁၃)
၁၈:၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈:၁၀	ညနေခင်းတေးပဒေသာ
၁၈:၃၀	စာအုပ်စာပေလှူမိတ်ဆွေ ၁။မြန်မာစကားပုံများ-(လှသမိန်) ၂။ခေတ်သစ်ပုံပြင်(အမှတ်-၃) (ကောင်းသန့်) တေးပဒေသာ
၁၈:၄၅	ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းများ
၁၉:၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉:၁၀	ဇာတ်လမ်းပမာနားဆင်စရာ (အသည်းအိမ်ထောင့်တစ်နေရာမှ)
၁၉:၃၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ (တေးသံရှင် L ခွန်းရီ၊ L ဆိုင်းဇီ၊ L လွန်းဝါ)
၂၀:၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀:၁၅	၂၀၁၁ခုနှစ် ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀:၂၀	တေးစီးရီး(တိမ်တမန်သို့ချစ်လိုလျက်နဲ့ဝေး VoII- တေးသံရှင်များ) တေးပဒေသာ
၂၁:၀၀	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၂၈ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိရာ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြုကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် သွားရောက်ခဲ့ပြီးနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် မေ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပေကျင်း Capital လေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ ကျန်းခွန်ရှိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လီကျွင်းဟွာနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပေကျင်း Capital လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff နှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၌ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff General Ma Xiaotian နှင့် မေ ၂၇ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Bayi ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီးတင့်ဝေ တက်ရောက်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Deputy Chief of General Staff General Ma Xiaotian နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် Major General Qian Lihua နှင့် အရှေ့အာရှနိုင်ငံများရေးရာဌာန ဌာနမှူး Colonel Guo Hongtong တို့ တက်ရောက်ကြသည်။

ရင်းနှီးစွာဆွေးနွေး

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ရင်းနှီးစွာဆွေးနွေးကြပြီးနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff တို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Deputy Chief of General Staff General Ma Xiaotian တို့ ပေကျင်းမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Bayi ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ **International News**
၈း၄၅ ၁၀။ **ရင်နှစ်ပန်းတို့လန်းစေချင်**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၁၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒ၊ သင်္ချာဗေဒ အထူးပြုများ) (ရူပဗေဒ)
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၁၅ ၈။ **လူငယ်နှင့် ဆေးလိပ်အန္တရာယ်**
၅း၃၀ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၅)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာ့ကျော်သရုပ်ဆောင်များ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁)
၁၉။ အစီအစဉ်ပြီး၏။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးဝါးကုသမှု ကောင်းမွန်ရုံသာမက နွေးထွေးပျူငှာစွာဖြင့်

လူနာများ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားနေရမှုများ ငြိမ်းအေးပပျောက်လျော့ပါးအောင် ဆောင်ရွက်

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်ကုသ

ရှေးဦးစွာ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက ရန်ကုန်ကလေးဆေးရုံကြီးကို ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့ မြေနီကုန်းရှိ ယခုကျန်းမာရေးပြတိုက်အဖြစ် ဖွင့်လှစ်ထားသည့် နေရာ၌ ခုတင်(၆၀)ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပြည်ထောင်စုရိပ်သာလမ်းသို့ ပြောင်းရွှေ့ပြီး ခုတင်(၈၀) ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုအခါ ခုတင် (၅၅၀) ဆံ့ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ကုသပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ မနန်းစိုး/မနန်းစံ၊ အေးအေးငြိမ်း/အိအိငြိမ်း၊ စိုပြေလင်း/စိုပြေဝင်း ရင်ချင်းဆက် အမြွှာများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါကြောင်း။

ယခင် ကျန်းမာရေးဝန်ကြီးဌာန ရုံးဟောင်းကို တိုးချဲ့ဆောင်သစ်အဖြစ် ပြင်ဆင်ဆောက်လုပ်လျက် ရှိပါကြောင်း၊ ပြင်ဆင်ပြီးစီးပါက ခုတင်(၂၀၀) တိုးချဲ့နိုင်မည် ဖြစ်ရာ စုစုပေါင်း ခုတင်(၇၅၀)ဆံ့ ဆေးရုံကြီး ဖြစ်လာမည် ဖြစ်ပါကြောင်းဖြင့် တင်ပြပြီး ဝန်ထမ်းအင်အား၊ ဝန်ထမ်းအိမ်ရာအခြေအနေများ၊ ဆေးကုသပေးနိုင်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစောလွင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားရာ၌ မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများနှင့်အတူ ကလေးဆေးရုံကြီး၏ ဆေးကုသရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အခြေအနေများကို လေ့လာကြည့်ရှုရန်နှင့် လိုအပ်ချက်များရှိကလည်း ညှိနှိုင်းဖြေရှင်းပေးသွားရန် ယနေ့ လာရောက်ခြင်းဖြစ်ကြောင်း။

အဖွဲ့အစည်း(၂)ရပ်

ယနေ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်အရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ အုပ်ချုပ်ရေးအဖွဲ့အစည်း(၂)ရပ် ရှိလာကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယင်းတို့၏ ဒေသအတွင်းရေးရာ ကိစ္စများကို လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်အနီးကပ်စီမံခန့်ခွဲဆောင်ရွက်ပေးသွားကြရန် လိုအပ်သကဲ့သို့ ယင်းတို့မှ ဆောင်ရွက်မပေးနိုင်သည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့တို့သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားကြရန် လိုပါကြောင်း။

နွေးထွေးပျူငှာ

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဆရာဝန် ဆရာမများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးဝါးကုသမှုကောင်းမွန်ရုံမျှသာမက နွေးထွေးပျူငှာစွာဖြင့် လူနာများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ခံစားနေရမှုများ ငြိမ်းအေးပပျောက် လျော့ပါးသွားအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

မိမိတို့ ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများ၏ အားကိုးချစ်ခင်မှုများရရှိအောင် စေတနာ၊ မေတ္တာတရားတို့ဖြင့် ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း။

ကြီးကြပ်ဆောင်ရွက်

လူနာများအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများကို ဈေးနှုန်းမှန်မှန်ဖြင့် အချိန်တိုအတွင်း ဝယ်ယူရရှိရေး၊ ဆေးပစ္စည်းမှန်ကန်ရေးအတွက် ဆေးရုံကြီးကြပ်ဆေးဆိုင်များဖွင့်လှစ်ထားရာ ဆေးဆိုင်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အမှန်တကယ် အကျိုးခံစားနိုင်အောင် အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုပြုပြင် မွမ်းမံနေသည့် ဆေးရုံအမြန်ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တိုးချဲ့ဆောင်သစ် မြေညီထပ်၌ ဦးနှောက်နှင့် အာရုံကြောကုသဆောင်နှင့် ကလေးနှလုံးရောဂါကုသဆောင်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီးသန့်ခန်းများ အခြေအနေနှင့် သီးသန့်ခန်းများ၌ ကလေးများ တက်ရောက်ကုသနေမှု၊ ဆေးရုံကြီးကြပ်ဆေးဆိုင်ဖွင့်လှစ်ရောင်းချမှု၊ အထူးကြပ်မတ်ကုသဌာနနှင့် ကလေးငယ်များ အခြေအနေ၊ သွေးလွန်တုပ်ကွေးဆေးကုသဆောင်နှင့်ကလေးငယ်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယထပ် ကလေးအာဟာရရောဂါကုသမှုဌာနရှိ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်၊ ရန်ကင်းနှင့်ရန်ရှင်း ရင်ချင်းဆက် အမြွှာများကို ကြည့်ရှုစစ်ဆေးအားပေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံကြီးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှကြင်က ဤဆေးရုံကြီးကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခုတင်(၂၂၀) ဆံ့ဆေးရုံဖြစ်ပါကြောင်း၊ ဆေးပညာဌာန၊ အဆိပ်သင့်ကုဌာန၊ အထွေထွေခွဲစိတ်ကုဌာန၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန စသည့် အထူးကုပညာဌာန (၄)ခုဖြင့် ကုသရေးနှင့် သင်ကြားရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံကို တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်းနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခဌာနမှူးများ၊ သူနာပြုဆရာမကြီးများက ဆေးရုံကြီး၏ လိုအပ်ချက်များကို တင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဝန်ထမ်းအိမ်ရာကိစ္စများ အပါအဝင် ဆေးရုံကြီး၏ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဝန်ထမ်းအိမ်ရာ ကိစ္စရပ်များ၊ ဆေးရုံကြီး၌ ဆင်းရဲနွမ်းပါးချို့တဲ့သည့် လူနာများအား အခမဲ့ (Free of Charge) ကုသပေးနေမှုများကို ထပ်မံမေးမြန်းပြီး လူနာများအား နွေးထွေးစွာ ကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးရေး၊ လူနာများ အားကိုးလေးစားချစ်ခင်သည့် ကျန်းမာရေးဝန်ထမ်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုသဆောင်ရှိ လူနာများ၊ ဆေးကုသဆောင်ရှိ လူနာများ၊ စာသင်ခန်း၊ အလုပ်သင် ဆရာဝန်ခန်း၊ ခွဲစိတ်ဆောင်ရှိ လူနာများနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုးချဲ့ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ဆေးရုံကြီး ပုံစံငယ်နှင့် ၂၄ နာရီဆေးဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ် အထူးကုသဆောင်ရှိ လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် မေ ၂၈ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမေ့သဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

တက်ရောက်

ဖူးမြော်ကြည်ညိုရာသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဩဝါဒကထာ မြွက်ကြား

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဂါလန် ၃၂၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ဂါလန် ၁၆၀၀ ဆံ့အမြင့်တင် သစ်သားရေစင်တည်ဆောက်ခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မြတ်သက်နှင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ ရပ်တည်ချက် မြန်မာနိုင်ငံက ထောက်ခံ

နိုင်ငံရေး ဖိအားပေး တစ်ဖက်သတ် ပိတ်ဆို့ချက်များအား ရုပ်သိမ်းရန် နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် ပြောကြား

နေပြည်တော် မေ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် (၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးများ အစည်းအဝေးနှင့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦး မောင် မြင့် ခေါင်း ဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့ (၁၆) ကြိမ် မြောက် ဘက် မ လိုက် လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးများ အစည်းအဝေး တက် ရောက် စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ (၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲကို မေ ၂၅ ရက်တွင် ဘာလီကျွန်းရှိ Grand Hyatt Hotel၌ ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဆူဆီလို ဘန်ဘန်ယူဒိုရိုနို၊ ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံ (၁၂၀)မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၇၉)ဖွဲ့ အပါအဝင် ဧည့်သည်/လေ့လာသူ နိုင်ငံ(၂၀)နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (၂၂)ခုမှ တာဝန်ရှိသူ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပါဝင်ဆွေးနွေး

မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် မေ ၂၆ ရက်တွင် ကျင်းပသော General Debate ၌ မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ယခုနှစ် အစည်းအဝေး၏ Theme မှာ Shared Vision on the contribution NAM for the Next 50 Years ဖြစ်ပြီး ယင်းခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်ခေါင်းဆောင်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။

စတင်ထူထောင်

ဒုတိယဝန်ကြီး၏ မိန့်ခွန်းတွင် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ စတင်ထူထောင်ခဲ့သည့် မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်အဖွဲ့ကြီး၏ အခြေခံမူများနှင့်စံများအား စောင့်ထိန်းလျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်မှု၊ အာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်မှု မပြုရေး၊ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားအသုံးပြုမှု၊ အင်အားဖြင့် ခြိမ်းခြောက်မှု မပြုရေးတို့ ပါဝင်သည်။

ဒုတိယဝန်ကြီးက ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ ရပ်တည်ချက်အား မြန်မာနိုင်ငံက ထောက်ခံကြောင်း၊ သို့ရာတွင် နိုင်ငံရေးဖိအားပေးသည့် အနေဖြင့် နိုင်ငံကြီးတချို့၏ကုန်သွယ်ရေးနှင့်စီးပွားရေးအပေါ် တစ်ဖက်သတ် ပိတ်ဆို့ချက်များအား ရုပ်သိမ်းရန် ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အစိုးရသစ်၏ နိုင်ငံခြားရေး မူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် မူကြီး(၅)ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ လတ်တလောနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အကျိုးတူပူးပေါင်း

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးသည် အစည်းအဝေး ကာလအတွင်း ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ မိုရိုကိုဘုရင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဘူတန်ဘုရင်နိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး၊ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားလုပ်သား တိုးချဲ့ရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အတည်ပြုထုတ်ပြန်

(၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးမှ Final Document ကို အတည်ပြုခဲ့သည်။ ထို့အပြင် အစည်းအဝေးမှ Declaration on Palestine Political Prisoners၊ Bali Commemorative Declaration နှင့် Statement on the Total Elimination of Nuclear Weapons တို့ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေး



တွေ့ဆုံ ဆွေးနွေး

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Meng Jianzhu တို့ ပေကျင်းမြို့ တရုတ်ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများသည် ခရီးစဉ်အတွင်း ၎င်းတို့နှင့်သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Meng Jianzhu နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဧည့်ခန်းမ၌တွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီနှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၁ နာရီတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့ခြင်းဆိုင်ရာနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် State Development & Investment Corporation (SDIC) မှ President Mr. Feng Shidong နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၉ နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအဆောင်(၂) ဧည့်ခန်းမ၌ လည်းကောင်း၊ China Far East International Corporation မှ President Mr.Yan Lijin နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၈) ဧည့်ခန်းမ၌လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များနှင့် အဆင့်မြင့်ခေတ်မီလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံပူးပေါင်းဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှု

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်တို့သည် မေ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၂) ဧည့်ခန်းမ၌ China CAMC Engineering Co.,Ltd. မှ Chairman President, Ms.Luo Yan နှင့်အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပို့ကုန်/သွင်းကုန်ဆိုင်ရာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့နှင့် China CAMC Engineering Co.,Ltd. မှ Chairman President, Ms.Luo Yan တို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၂) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Chen Jian နှင့် အဖွဲ့အား မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၈) ဧည့်ခန်းမ၌တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် China National Petroleum Corporation မှ President Mr. Jiang Jiemin တို့ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်(၂) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

သတ္တုတူးဖော်ထုတ်လုပ်ရေး

ထို့အတူ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် China Nonferrous Metal Mining (Group) Co.,Ltd. မှ President Mr. Luo Tao နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၆ နာရီတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၅)ဧည့်ခန်းမ၌လည်းကောင်း၊ China Poly Group Corporation Poly Technologies Inc.မှ Vice Board Chairman နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၈) ဧည့်ခန်းမ၌လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံ သတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် CITIC Construction မှ President Yuan Shaobin နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ China Communication Construction Company Ltd. မှ President Mr.Aitao နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၂) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းတို့အတွက် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရထားလုပ်ငန်း

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Lu Chunfang နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအဆောင်(၁၈) ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် China National Petroleum Corporation မှ President Mr. Jiang Jiemin နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့ CNPC ရုံးချုပ်၌လည်းကောင်း၊ SINOPEC ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Zhang Yaocang နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ Huanquing Contracting & Engineering Corporation မှ President Mr. Wang Shihong နှင့်အဖွဲ့အား မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၂)ဧည့်ခန်းမ၌ တွေ့ဆုံ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးဆိုင်ရာများ၊ ဓာတ်မြေသြဇာ စက်ရုံများ၏ ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ထို့အတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် China Datang Corporation မှ Chairman Mr.Liu Shunda နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၂) ဧည့်ခန်းမ၌လည်းကောင်း၊ China Power Investment Corporation မှ President Mr.Lu Qizhou နှင့်အဖွဲ့အား မေ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၇) ဧည့်ခန်းမ၌လည်းကောင်းတွေ့ဆုံ၍ နှစ်နိုင်ငံ ရေအားလျှပ်စစ် ထုတ်လုပ်မှုဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် Nothern International Group, Nothern International (Holding)Co.,Ltd. မှ Chairman Mr.Sun Jian Rong နှင့် Tsinlien Group Company Limited မှ Deputy General Manager Ms. Ma Jie တို့အား မေ ၂၇ ရက် နံနက် ၉ နာရီတွင် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၈) ဧည့်ခန်းမ၌တွေ့ဆုံ၍ ရေဝတီတံတား(ပခုက္ကူ)နှင့် ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ရှင်းလင်းမှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်သင်တန်းသားများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့သစ်လက်ထက် နိုင်ငံခြားရေးမူဝါဒပြောင်းလဲမှုမရှိဘဲ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာ-တရုတ်ဆက်ဆံရေးသည် သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆတက်ထမ်းပိုးကြိုးပမ်းမြှင့်တင် ဆောင်ရွက်သွားရမည့်အခြေအနေ၊ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ကူညီထောက်ပံ့မှုများ၊ ထောက်ခံအားပေးရပ်တည်မှုများ အခြေအနေ၊ မိမိတို့ အစိုးရအဖွဲ့သစ်အနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများနှင့်အတူ ဆက်လက်လက်တွဲအကောင်အထည်ဖော်ရာ၌ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက် အရေးကြီးပြီး အခြေခံကျသည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှု အခြေအနေ၊ အနာဂတ်နိုင်ငံကို တည်ဆောက်ရာ၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကကျသည့်အတွက် ပေကျင်းမြို့၌ လာရောက်ပညာသင်ယူနေကြသည့် ပညာတော်သင်များအနေဖြင့် နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် ခံယူချက်အသိတရားပြည့်ဝစွာ ကြိုးပမ်းလေ့လာသင်ယူကြရမည့်အခြေအနေများကို ရှင်းလင်းမှာကြားသည်။

တွေ့ဆုံမှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတအား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဝန်ကြီးများက သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

တရုတ်-မြန်မာ နှစ်နိ... နားလည်မှုစာလွှာ (၉)ခ...

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် မေ ၂၇ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌နှစ်ဖက်တွေ့ဆုံဆွေးနွေးကြပြီးနောက် နိုင်ငံတော်သမ္မတနှစ်ဦး၏ နှစ်ဖက်ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာလွှာ (၉)ခုကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုး

သဘောတူစာချုပ်နှင့် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးရာတွင် ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr.Chen Deming တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်(အကူအညီ) (Agreement on Economic and Technical Cooperation between the Government of the Republic of the Union of Myanmar and the Government of the People's Republic of China.) (Grant)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့

အကြားချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (အတိုးမဲ့ချေးငွေ) (Agreement on Economic and Technical Cooperation between the Government of the Republic of the Union of Myanmar and the Government of the People's Republic of China.)(Interest Free Loan)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Framework Agreement between the Government of the Repub-

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပ

နေပြည်တော် မေ ၂၉

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၆)သင်တန်းဆင်းပွဲ အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အလုပ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်/ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၄၈၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၉

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မေ ၃၀ ရက် ညနေအထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုးရွာသွန်းမှုများ

၂၉-၅-၂၀၁၁

ခရမ်းမြို့
၃ ဒသမ ၁၉ လက်မ
တံတားဦးမြို့
၂ ဒသမ ၉၁ လက်မ
စစ်တွေမြို့
၂ ဒသမ ၈၃ လက်မ
သာယာဝတီမြို့
၂ ဒသမ ၇၅ လက်မ
ဖောင်းတူမြို့
၂ ဒသမ ၆၀ လက်မ
ပြင်ဦးလွင်မြို့
၂ ဒသမ ၄၃ လက်မ
အမရပူရမြို့
၂ ဒသမ ၃၄ လက်မ
မော်လိုက်မြို့
၂ ဒသမ ၀၅ လက်မ
မန္တလေးမြို့
၁ ဒသမ ၉၄ လက်မ
ချောက်မြို့
၁ ဒသမ ၅၄ လက်မ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၇)
- ၈:၄၅ မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းတော်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
- ၉:၀၅ နှစ်(၁၀၀)ပြည့် အောင်ပွဲမှသည်... (ရေတွင်းကုန်းဓမ္မာရုံ နှစ် ၁၀၀ ပြည့်ပွဲတော်)
- ၉:၂၀ Activities in the City (City and Guilds (UK)၏ အင်ဂျင်နီယာဒီပလိုမာလက်မှတ် ချီးမြှင့်ပွဲအခမ်းအနား)
- ၉:၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရိုးရောဂါနှင့်ပတ်သက်ပြီး သိကောင်းစရာများ) (အပိုင်း-၂)
- ၁၀:၁၅ ကုသိုလ်ယူဆင်ကာနွဲ... ဗြဟ္မာဏကောဏ္ဍညသိမ်အောင်ပွဲ
- ၁၀:၃၀ The Champion Dance

ရုတ်-မြန်မာ နှစ်နိုင်ငံ သဘောတူစာချုပ်နှင့် ည်မှုစာလွှာ (၉)ခုကို နှစ်ဖက်လက်မှတ်ရေးထိုး

ပြည်တော် မေ ၂၉

မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌နှစ်ဖက် က် နိုင်ငံတော်သမ္မတနှစ်ဦး၏ နှစ်ဖက်ဆွေးနွေး တတူစာချုပ်များနှင့် နားလည်မှုစာလွှာ (၉)ခုကို ကြသည်။

လက်မှတ်ရေးထိုး

င့် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးရာ သမ္မတ မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် န်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး hen Deming တို့သည် ပြည်ထောင်စုသမ္မတ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား င့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညီ) (Agreement on Economic and on between the Government of the on of Myanmar and the Government ublic of China.) (Grant)၊ ပြည်ထောင်စု စိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက် တိုးမဲ့ချေးငွေ) (Agreement on Economic eration between the Government of Union of Myanmar and the Govern- Republic of China.)(Interest Free စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ် ရတို့အကြား ချုပ်ဆိုသော အတိုးနှုန်းသက်သာ ဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Frame- ween the Government of the Republic of the Union of Myanmar and the Government of the People's Republic of China on Provision of Concessional Loan by China to Myanmar) တို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Export-Import Bank of China မှ Vice President Mr.Su Zhong တို့သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့ချုပ်ဆိုသော ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် ဟိုက်ဒရောလစ်သံမဏိပစ္စည်းများနှင့် လျှပ်စစ်နှင့်စက်မှုဆိုင်ရာ ပစ္စည်းကိရိယာများလုပ်ငန်းအပ်နှံ ဝယ်ယူခြင်းအတွက် ဦးစားပေးဝယ်သူ ချေးငွေစာချုပ် (Preferential Buyer Credit Loan Agreement on the Supply of Hydraulic Steel Structure and Electromechanical Works for Baluchaung(3) Hydropower Project between the Central Bank of Myanmar and the Export-Import Bank of China) ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank Corporation မှ Vice President Mr.Wang Yong Shengတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်တို့ချုပ်ဆိုသော ချေးငွေဖြည့်ဆည်းပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Framework Agreement on Financing Cooperation between the Ministry of Finance and Revenue of the Republic of the Union of Myanmar and China Development Bank Corporation) ကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Export-Import Bank of China မှ Vice President Mr.Su Zhong တို့သည် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့ချုပ်ဆိုသော သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်များ ဝယ်ယူရန် ငွေချေးစာချုပ် (Government Concessional Loan Agreement on Purchasing Dredgers and Supporting Vessels Project between the Export-Import Bank of China and Myanma Foreign Trade Bank) နှင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်တို့ချုပ်ဆိုသော တာယာစက်ရုံသစ်စီမံကိန်းအတွက် သီးခြားငွေချေးစာချုပ် (Individual Loan Agreement for New Tyre Factory Project between Myanma Foreign Trade Bank and the Export-Import Bank of China) တို့ကို လည်းကောင်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank Corporation မှ Vice President Mr.Wang Yong Sheng တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ကော်ပိုရေးရှင်းတို့ချုပ်ဆိုသော စီမံကိန်းရေးဆွဲရေး တိုင်ပင်ညှိနှိုင်းမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက် (Planning Consultancy Cooperation Framework Agreement between the Ministry of National Planning and Economic Development of the Republic of the Union of Myanmar and China Development Bank Corporation) ကိုလည်းကောင်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation မှ Chairman Mr.Li Chang Jin တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ရထားအင်ဂျင်နီယာလုပ်ငန်းကော်ပိုရေးရှင်းတို့အကြား မူဆယ်-ကျောက်ဖြူ ရထားပို့ဆောင်ရေးလုပ်ငန်းစီမံကိန်းအတွက် BOT စနစ်ဖြင့် အကောင်အထည်ဖော်ရေးဆိုင်ရာ နောက်ဆက်တွဲ နားလည်မှုစာလွှာ (The Supplementary Understanding to the Memorandum of Understanding regarding Muse-Kyaukpyu Rail Transportation System Project between Ministry of Rail Transportation of the Republic of the Union of Myanmar and China Railway Engineering Corporation)ကိုလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

သဘောတူစာချုပ်များ လက်မှတ်ရေးထိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့၏ ရှေ့မှောက်၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး **Mr. Chen Deming** တို့ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ငွေချေးစာချုပ်များ လက်မှတ်ရေးထိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့၏ ရှေ့မှောက်၌ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Export-Import Bank of China မှ Vice President Mr. Su Zhong တို့ ငွေချေးစာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

4 ရုပ်မြင်သံကြားအစီအစဉ်

နေ့)

၈း၄၅	မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းတော်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
၉း၀၅	နှစ်(၁၀၀)ပြည့် အောင်ပွဲမှသည်… (ရေတွင်းကုန်းဓမ္မာရုံ နှစ် ၁၀၀ ပြည့်ပွဲတော်)
၉း၂၀	Activities in the City (City and Guilds (UK) ၏ အင်ဂျင်နီယာဒီပလိုမာလက်မှတ် ချီးမြှင့်ပွဲအခမ်းအနား)
၉း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရိုးရောဂါနှင့်ပတ်သက်ပြီး သိကောင်းစရာများ) (အပိုင်း-၂)
၁၀း၁၅	ကုသိုလ်ယူဆင်ကာန္တဲ… ဗြဟ္မာဏကောဏ္ဍညသိမ်အောင်ပွဲ
၁၀း၃၀	The Champion Dance
၁၁း၁၀	Celebrity Choice (ရေဗက္ကဝင်း)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ပဲကြာဆံပင်လယ်စာသုပ်နှင့် ငါးပုပ်ခြောက်အချဉ်ချက်)
၁၂း၄၀	ရွှေလင်းယုန်ဆရာတော်ဘုရားကြီး၏ စိန်ရတုဝိဇာတမင်္ဂလာ
၁း၀၀	**ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	နိဗ္ဗန္ဓပန်းတို့လန်းရာ…သုံးခွမြေ
၃း၀၀	Gano Excel Myanmar ၏ နှစ်ပတ်လည်ဂုဏ်ပြုအခမ်းအနား
၃း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၉)
၄း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၇၇)
၅း၀၅	ပေးဆပ်သူများအတွက်…. ကန္တရဝသ
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV -4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၄၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၀)
၇း၂၀	Hip Hop's Hardcore Live Show (Part-1)
၈း၀၀	MRTV -4 သတင်း
၈း၃၀	စကားနပန်း **အတင်းပြောတာ ကောင်းတယ်၊ အတင်းမပြောတာ ကောင်းတယ်**
၉း၃၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၈)
၁၀း၁၅	Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀း၄၅	မှတ်မှတ်ရရ… မြစ်ငယ် အထက
၁၁း၀၅	အနုပညာမိုးကောင်းကင်
၁၁း၂၅	မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
၁၁း၃၅	International Show Biz
၁၁း၅၅	စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၁၂း၁၀	ဈေးဝယ်လမ်းညွှန် (AUX Air Conditioner)
၁၂း၃၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လှောင်အိမ်နှင့် ငါးမွေးမြူခြင်း)
၁၂း၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize Floral Service)
၁း၀၅	**နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁း၁၅	Shooting Location (ဘဝတံခွန်)
၁း၃၀	Celebrity Profile (Lee Byaung Hum)
၂း၁၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟောဝန်စခန်းမှာ
၂း၃၅	မောတို့ဌာနီရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၂း၅၅	ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၃း၅၅	လင်းလက်တောက်ပမီးဆိုင်းအလှ
၄း၁၀	စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
၄း၃၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၄း၄၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၄း၅၀	ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘာတောင်တော်မှာ
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း ကတ္တရာလမ်းအဆင့် ဖောက်လုပ်လျက်ရှိ

နေပြည်တော် မေ ၂၉

မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း ၂၂ မိုင်ကို လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ နေပြည်တော်ရှိ မြို့နယ်အဖွဲ့တစ်ဖွဲ့၊ တံတားအထူးအဖွဲ့တစ်ဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့ဖြင့် လမ်းချဲ့ခြင်း၊ မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်း၊ Box Culvert များ၊ ရေပြွန်များဆောင်ရွက်ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် ပေ ၄၈၀အရှည်ပေါင်းလောင်းချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း ၂၂ မိုင်ကို ကတ္တရာခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှု၊ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားများ၊ Box Culvert များ၊ ရေပြွန်များတည်ဆောက်နေမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းသားအမာခံသိပ်သည်းမှုရရှိအောင် ခင်းကြိတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကတ္တရာခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်အိမ်ရာထူထောင်ရေး သစ်ပင်ပေးအပ်ပွဲကို မေ ၁၅ ရက်က မြိုင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က မိုးရာသီတွင် စိုက်ပျိုးရန် တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် ယူကလစ်ပင် (သစ်မာ) အပင် ၂၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ပေးအပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

မိုးရာသီအကြို ကုန်စည်ပြပွဲ TZE Electronic ပါဝင်ပြသ

ရန်ကုန် မေ ၂၉

Jade Crown Organizing Group ကကြီးမှူးပြီး ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ Main Sponsor အဖြစ် ပါဝင်သည့် Monsoon Discount& Lifestyle Fair 2011ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ TZE Electronic ပြခန်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် Stage Show, Model Show, Company Party, Club and Karaoke ၊ တရားပွဲ၊ အလှူပွဲ၊ အိမ်သုံးကာရာအိုကေ၊ Audio ပစ္စည်းမျိုးစုံနှင့် အခြား Electronic ပစ္စည်းမျိုးစုံတို့ကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ ပြခန်းတွင် ပြသရောင်းချသည့် Freeze တွင် LG Compressor ကို ထူးခြားစွာထည့်သွင်းအသုံးပြုထားပြီး ပြပွဲကာလအတွင်း ဝယ်ယူသူများကို ရန်ကုန်မြို့အတွင်း အိမ်အရောက်အခမဲ့ လိုက်လံတပ်ဆင်ပေးကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါပစ္စည်းများကို ဝယ်ယူလိုပါက New Star Electronic အမှတ်(၁၆၀/၁၆၂) မောင်ခိုင်လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၀၅၃၆၊ ၃၈၁၀၂၁ နှင့် ၃၉၅၅၄၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မင်းဗထူးဘာသာပြန်သော စဉ်းစားတွေးခေါ်မှုကို ပြောင်းလဲပါစာအုပ် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိ

နေပြည်တော် မေ ၂၉

စာရေးဆရာ မင်းဗထူး၏ စာအုပ်တွင် ဤကမ္ဘာကြီးသည် အတွေးအခေါ်ကောင်းသော လူများကို အမြဲလိုအပ်နေပါသည်ဟူ၍ အစချီထားသည်။ တစ်နေရာတွင်မူစဉ်းစားတွေးခေါ်ရသော အလုပ်ကို လွယ်သည်ဟုထင်နေကြသောလူများသည် ကိုယ်တိုင် မတွေးခေါ်ဖူးကြသူများသာဖြစ်သည်ဟု ဖော်ပြလျက် ကမ္ဘာကျော် ရူပဗေဒပညာရှင် အိုင်းစတိုင်း၏ အောက်ပါစကားစုကို ရည်ညွှန်းထားသည်-

စဉ်းစား တွေးခေါ်ခြင်းသည် ခက်ခဲပင်ပန်းသည့် အလုပ်ဖြစ်သည်၊ ထို့ကြောင့်လည်းလူအနည်းငယ်ကသာ ဤအလုပ်ကိုလုပ်ဖြစ်ကြခြင်းဖြစ်သည်။



စတင်ဖြန့်ချိ

၁၉၉၇ခုနှစ်က ဆရာမင်းဗထူး ရေးသားခဲ့သော ခေါင်းဆောင်များအတွက်ဆုံးဖြတ်ချက် စာအုပ်ကို နိဂုံးချုပ်ခဲ့ရာတွင် အကောင်းဆုံးနှင့် အပြည့်ဝဆုံး အောင်မြင်မှုများဆီသို့ တက်လှမ်းရာတွင် အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှု လုပ်ငန်းစဉ်များကို နားလည်အောင် စဉ်းစားကြပါဟု တိုက်တွန်းခဲ့သည်ကို သတိရမိသည်။ (၁၄)နှစ် ကြာခဲ့ပြီးနောက် ယခု ထွက်ပေါ်လာသော ဤစာအုပ်သည် အဆိုပါ အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှုလုပ်ငန်းစဉ်များကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။ ကမ္ဘာကျော်ခေါင်းဆောင်မှု စာရေးဆရာ John C-Maxwell ၏ "How Successful People Think" စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး စာမျက်နှာ ၁၆၅ မျက်နှာရှိကာ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၉

ကျောင်းသုံးပစ္စည်းများ ကျောက်ဖြူ၌ ထောက်ပံ့

ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ ရွာမကျေးရွာ၊ ပြင်ရွာနှင့် ကျောက်တန်းရွာ အမကများမှ ကျောင်းသား ကျောင်းသူများအား ရခိုင်ပြည်နယ် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း တည်ဆောက်လျက်ရှိကြသော ကုမ္ပဏီများက ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို မေ ၁၇ ရက် ညနေ ၄ နာရီက ရွာမ ကျေးရွာ အမက၌ကျင်းပရာ အခမ်းအနားတွင် ကုမ္ပဏီများ၏ကိုယ်စားတာဝန်ခံတစ်ဦးက လှူဒါန်းပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီတာဝန်ခံများက ကျောင်းသား ကျောင်းသူများအား ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

အခမ်းအနားတွင် ငွေကျပ် ၄၈၉၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို လှူဒါန်းခဲ့ပြီး မတ်လအတွင်းကလည်း သက်ကြီးရွယ်အိုများအား အဝတ်အထည်များ၊ စားသောက်ကုန်များနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၂၆ ရက်က မြန်အောင်မြို့နယ် အမှတ်(၁)ရပ်ကွက် မကျီးစုအမကတွင် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၁ ဦးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် အလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၁၆၄၀၀၀ တန်ဖိုးရှိ စာအုပ်၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံယူစဉ်။
(မြို့နယ် ပြန်/ဆက်)

ပညာသင်စရိတ်ထောက်ပံ့ငွေ နမ့်ခမ်း၌ ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို နမ့်ခမ်းမြို့နယ် ရဲစခန်းအစည်းအဝေးခန်းမ၌ မေ ၂၀ ရက်က ကျင်းပရာ ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဖေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မူလတန်းကျောင်းသား ကျောင်းသူ ၃၃ ဦးအား ရဲအုပ်စံထွန်းအောင်နှင့် ဒုတိယရဲအုပ် အောင်လှိုင်တို့ကလည်းကောင်း၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၃၃ဦးအား ရဲအုပ်လှမြင့်နှင့် ဇနီး ဒေါ်ခင်လေးနွယ်ကလည်းကောင်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၄ ဦးအား မြို့နယ် ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်နီနီဝင်းကလည်းကောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ကိုးဦးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဖေဝင်းကလည်းကောင်း၊ ကွန်ဟိုင်းရဲစခန်းမှ ကျောင်းသား ကျောင်းသူ ၁၀ ဦးအား ကွန်ဟိုင်း ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ထွန်းက လည်းကောင်း ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ရာ ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၇၄၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးရှောင် မလောင်ခင်တား

ဖွင့်လှစ်ပေး

မင်းပြားမြို့နယ် ဈေးဟောင်းပိုင်းရပ်ကွက် ကျွန်းညိုလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မေ ၁၅ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်အောင်နှင့်လမ်းဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ဝန်ထမ်းသားသမီးတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (၀၄၂)

မြင့်မောင်စိုး – ရေးသားသည်

ဘာစီလိုနာအသင်းက မန်ယူအသင်းအား လျှို့ဝှက်သင်ခန်းစာများပေးခဲ့ဟု နည်းပြဖာဂူဆန်ပြောကြား

လန်ဒန် မေ ၂၉

မန်ယူနှင့်ဘာစီလိုနာအသင်းတို့ မေ ၂၉ ရက် နံနက်ပိုင်းက ဝင်ဘလေကွင်း၌ ချန်ပီယံလိဂ် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီးနောက် မိမိတို့အသင်းအား လျှို့ဝှက်သင်ခန်းစာများပေးခဲ့ကြောင်း မန်ယူနည်းပြဖာဂူဆန်**(အပေါ်ပုံ)**က ပြောကြားသည်။

ယှဉ်ပြိုင်ရ

မိမိအသင်းသည် ကမ္ဘာ့အကောင်းဆုံးအသင်းကို ရင်ဆိုင်ခဲ့ရကြောင်း၊ မိမိနည်းပြ သက်တမ်းတစ်လျှောက် ကမ္ဘာ့အကောင်းဆုံးအသင်းကို ပထမဆုံး ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း၊ ဘာစီလိုနာအသင်းသည် ချန်ပီယံဆုနှင့် တကယ်ထိုက်တန်သည့်အသင်းဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဝန်ခံပြောကြားခဲ့သည်။

ပြောကြား

ဘာစီလိုနာအသင်းသည် ညာတောင်ပံတိုက်စစ်အား အလွန်ကောင်းပြီး မိမိတို့နောက်တန်းကစားသမားများအနေဖြင့် မက်ဆီကို ထိန်းချုပ်နိုင်စွမ်းမရှိခဲ့ကြောင်း မန်ယူနောက်တန်းကစားသမား ဖာဒီနန်က ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အင်ဂျင်မီးလောင်ပြီး လေယာဉ်အရေးပေါ်ဆင်းသက်

အက်လန်တာ မေ ၂၉

အမေရိကန်နိုင်ငံ ဟတ်စဖီးဂျက်ဆင်အက်လန်တာ နိုင်ငံတကာလေဆိပ်၌ မေ ၂၉ ရက် နံနက်က ခရီးသည်တင်လေယာဉ်တစ်စင်း အင်ဂျင်မီးလောင်ပြီး အရေးပေါ်ဆင်းသက်ခဲ့ရာ ခရီးသည်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ဆင်းသက်ခဲ့

ခရီးသည် ၄၉ ဦး တင်ဆောင်လာသော ဒယ်လ်တာအဲလိုင်းမှ ခရီးသည်တင်ဂျက်လေယာဉ် တစ်စင်းသည် ပစ္စဘတ်မြို့မှပျံသန်းလာစဉ် လေယာဉ်အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဟက်စဖီးဂျက်ဆင်အက်လန်တာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါလေယာဉ်၏ ညာဘက်အင်ဂျင်တစ်လုံးမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်များကို လေယာဉ်ပေါ်မှ ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ မီးသတ်တပ်ဖွဲ့ဝင်များက လေယာဉ်အင်ဂျင်မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် ➢ စုစည်းသည်

ဂျပန်၌ဆောင်ဒါမုန်တိုင်းတိုက်ခတ် မိုးသည်းထန်စွာရွာသွန်း၊ ၅၇ ဦးဒဏ်ရာရ

တိုကျို မေ ၂၉

ဂျပန်နိုင်ငံတောင်ပိုင်းဒေသများသို့ မေ ၂၉ရက်က ဆောင်ဒါအမည်ရှိ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ တိုကျိုမြို့လည်း မုန်တိုင်းဒဏ်ကြုံတွေ့ရကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

တိုက်ခတ်

ထိုသို့မုန်တိုင်းတိုက်ခတ်မှုကြောင့် အိုကီနာဝမ်ကျွန်းတောင်ပိုင်းတွင် ဒေသခံ ၅၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ငါးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ ဆောင်ဒါမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် ရှီကိုကူးကျွန်း အနောက်တောင်ပိုင်းကမ်းလွန် ကီလိုမီတာ ၁၀၀ ခန့်အကွာမှ ဖြတ်သန်းတိုက်ခတ်သွားကြောင်း ဂျပန်မိုးလေဝသ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါမုန်တိုင်းကြောင့် တိုကျိုမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ ကျော်ကွာဝေးသော ဖူကူရှီးမားဒိုင်အီချိ နျူကလီးယားစက်ရုံသို့ ထိခိုက်မှုရှိ မရှိမသိရသေးကြောင်း ၄င်းသတင်း၌ဖော်ပြသည်။ (အင်တာနက်)

လေကြောင်းမှတိုက်ခိုက် အာဖဂန်၌ ၁၄ ဦးသေဆုံး

ကန်ဒါဟာ မေ ၂၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် နေတိုးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံ ၁၄ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက မေ ၂၉ ရက်၌ ပြောကြားသည်။

ထိုသို့ လေကြောင်းတိုက်ခိုက်မှုမှာ ဟယ်လ်မန့်ပြည်နယ် နယူးဇာက်ခရိုင်၌ဖြစ်ပြီး အမေရိကန်ဦးဆောင်သောနေတိုးတပ်ဖွဲ့၏ အခြေစိုက်စခန်းကို လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ယခုကဲ့သို့ လေကြောင်းမှ တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ အမျိုးသမီးခုနစ်ဦးနှင့် ယောက်ျားလေးခုနစ်ဦးဖြစ်ကြောင်း သိရှိရသည်။

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင်

ဂျပန်ရုပ်ရှင်မင်းသမီးအီဇာဝါ

မောင်မောင်မြင့်ဆွေ ရေးသားသည်

တိုကျို မေ ၂၉

*ဂျပန်ရုပ်ရှင်မင်းသမီးအီဇာဝါ**(ဝဲပုံ)**ကို တောင်ကိုရီးယားသရုပ်ဆောင်တစ်ဦးနှင့်အတူ ဂျပန်ဒရာမာဇာတ်ကားတစ်ကားရိုက်ကူးရန်အတွက် တီဘီအက်စ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း မေ ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။*

အောင်မြင်နေ

ဂျပန်နိုင်ငံမှ ရိုးရာဓလေ့ ထိန်းသိမ်းသော အမျိုးသမီးငယ်တစ်ဦးနှင့် ဂျပန်ရောက် တောင်ကိုရီးယား လူငယ်တစ်ဦးတို့၏ သိမ်မွေ့နက်နဲသော မေတ္တာဘွဲ့ဒရာမာဇာတ်လမ်းဖြစ်သည်။ ဂျပန်ရုပ်ရှင်မင်းသမီး အီဇာဝါအနေဖြင့် တောင်ကိုရီးယားအနုပညာရှင်တစ်ဦးနှင့် ပထမဆုံးရုပ်ရှင်ကား တွဲရိုက်ရမည်ဖြစ်ရာ ဂျပန်ပရိသတ်များ စိတ်ဝင်စားလျက်ရှိသည်။ ဂျပန်ရုပ်ရှင်မင်းသမီး အီဇာဝါသည် အသက် ၂၀ အရွယ်သာရှိသေးသော်လည်း ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများစွာနှင့် ရုပ်ရှင်ကားများ၌ ပါဝင်သရုပ်ဆောင်ကာ တစ်ရှိန်ထိုး အောင်မြင်နေသူဖြစ်သည်။

အသက် ၁၇ နှစ်အရွယ်မှ စတင်ကာ Engine Sentai Go- Onger အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့ရာမှ ပရိသတ်များအားပေးမှု တစ်ခဲနက် ရရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် အင်န်အိတ်ချ်ကေ ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့သော Tenchijin ရုပ်မြင်သံကြားဇာတ်လမ်းတွဲနှင့် တီဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့သော Yagyu Bugeicho ဇာတ်လမ်းတွဲများ၌လည်း အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

*ယခုအခါ ဂျပန်နိုင်ငံတစ်ဝန်း တီဘီအက်စ်မှ ထုတ်လွှင့်လျက်ရှိသည့် Hammer Session အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌လည်း အီဇာဝါ ပါဝင်သရုပ်ဆောင်ထားသည်ဖြစ်ရာ ပရိသတ်များ နှစ်ခြိုက်လျက်ရှိသည်။ ဂျပန်ရုပ်ရှင်မင်းသမီး အီဇာဝါသည် ဖူဂျီတီဗွီရုပ်ရှင်ကုမ္ပဏီနှင့် မကြာမီ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးရန်စီစဉ်လျက်ရှိပါကြောင်း။ ။ **(အင်တာနက်)***

စနိုးဝှိုက်ဇာတ်ကား ပြန်လည်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် မေ ၂၉

စနိုးဝှိုက်ရုပ်ရှင်ဇာတ်ကားကို ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ယူနီဗာဆယ်မှ ပြန်လည်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း မေ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

စနိုးဝှိုက် မင်းသမီးအဖြစ် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး လီလီကောလင်း**(အပေါ်ဝဲ)**က သရုပ်ဆောင်မည်ဖြစ်ပြီး အီဗီလ်ဘုရင်မကြီးအဖြစ် ဂျူလီယာရောဘတ်စ်**(အပေါ်ယာ)**က သရုပ်ဆောင်မည်ဖြစ်သည်။ ထို့အတူ အင်ဒရူးအယ်ကော့တ်မင်းသားလေးအဖြစ် အာမိန်းဟမ်မားက သရုပ်ဆောင်မည်ဖြစ်သည်။

စီစဉ်ထား

စနိုးဝှိုက်ဇာတ်ကား ပြန်လည်ရိုက်ကူးမှုကို ၂၀၁၂ခုနှစ် မတ် ၁၆ရက်၌ ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ပြီး စတင်ဖြန့်ဖြူးမှုနှင့် ပြသမှုကို ၂၀၁၂ ခုနှစ် ဇွန် ၂၉ရက်၌ ပြုလုပ်ရန် စီစဉ်ထားသည်။

ခန့်မှန်းထား

***ပြန်လည်ဖြည့်စွက်မှုများဖြင့် ပိုမိုကောင်းမွန်အောင် ရိုက်ကူးထားသည့် စနိုးဝှိုက်ဇာတ်ကားမှာ ဝင်ငွေစံချိန်တင်ရရှိနိုင်မည်ဖြစ်ကြောင်း ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူများ ကခန့်မှန်းထားသည်။**(အင်တာနက်)*

တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဝမ်ဆန်ဝူး တရုတ်ဈေးကွက်၌ ရုပ်ရှင်ကားဖြန့်ချိမည်

ဆိုးလ် မေ ၂၉

တောင်ကိုရီးယားရုပ်ရှင်မင်းသား ဝမ်ဆန်ဝူး**(ယာပုံ)**သည် တောင်ကိုရီးယား ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို ထူထောင်ပြီးနောက် အာရှဈေးကွက်သို့ ရုပ်ရှင်ကားများ စတင်ဖြန့်ချိရေးကြိုးစားနေပြီဖြစ်ကြောင်း မတ် ၂၈ ရက်၌ ၄င်း၏ရုံးမှ သတင်းထုတ်ပြန်သည်။

စတင်ဖြန့်ချိ

အသက် ၃၄ နှစ်အရွယ်ရှိ ဝမ်ဆန်ဝူးသည် တရုတ်ဈေးကွက်သို့ စတင်ထိုးဖောက်သည့် အနေဖြင့် သူပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်မြင်သံကြား ဒရာမာဇာတ်လမ်းတွဲဖြစ်သည့် Stairway to Heaven ကို တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်မြို့တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

ယခုဇာတ်ကားဖြန့်ချိခြင်းမှာ နိုင်ငံတကာဈေးကွက်သို့ မိမိ၏ရုပ်ရှင်ကားများ စတင်မိတ်ဆက်ခြင်းပင်ဖြစ်ကြောင်း ဝမ်ဆန်ဝူးက ပြောကြားသည်။ တရုတ်ဈေးကွက်၌ ရုပ်ရှင်ကားများဖြန့်ချိရာတွင် နောက်ပိုင်း၌ တရုတ်မင်းသား ဂျက်ကီချန်းနှင့်လည်း ပူးတွဲသရုပ်ဆောင်သည့် ဇာတ်ကားများ ရိုက်ကူးမှုနှင့်ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းများ ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ *(အင်တာနက်)*

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့၌ မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လုပ်ငန်းများ၊ ရေကြောင်း ဆိုင်ရာလုပ်ငန်းများ၊ အခွန်/အခများ ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်စင်များ ဆိုင်ရာလုပ်ငန်းများ၊ မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းဆိုင်ရာများနှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာများကိုရှင်းလင်း တင်ပြကြသည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မေ ၂၆ ရက် နံနက်ပိုင်းက မုံရွာမြို့၌ ကျင်းပသည့် ချင်းတွင်းရတနာဈေး နှစ်ထပ်ဈေး တည်ဆောက်ရေးလုပ်ငန်း ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် မုံရွာမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ ငွေစပယ်ဖြူလမ်းကတ္တရာခင်းခြင်းကို မေ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

မှာကြား

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးများ၊ (B.O.T) စနစ်ဖြင့် ခွင့်ပြုထားသော ကုမ္ပဏီများနှင့် လေလံစနစ်ဖြင့် ခွင့်ပြုထားသော လမ်း/တံတားဂိတ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လမ်း၊ တံတားများပြုပြင်ခြင်း၊ လမ်း၊ တံတားကောက်ခံနှုန်းထားများ သတ်မှတ်စံနှုန်းနှင့်အညီ ကောက်ခံရေး၊ လမ်း၊ တံတားများအချိန်နှင့် တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ယာပုံ) (သတင်းစဉ်)

အဆင့်မြင့်အိမ်သုံးပစ္စည်းများ ပြသရောင်းချ

ရန်ကုန် မေ ၂၉

မလေးရှားနိုင်ငံထုတ် KHIND တံဆိပ်၊ ဩစတြေးလျနိုင်ငံထုတ် Mistral တံဆိပ်၊ အမေရိကန်နိုင်ငံထုတ် Honeywell တံဆိပ်နှင့် အိန္ဒိယနိုင်ငံထုတ် Khaitan တံဆိပ် အဆင့်မြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို MACO Electronics တွင် မေ ၂၃ ရက်မှ ဇွန် ၁၅ ရက်အထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ အထက်ဖော်ပြပါ တံဆိပ်များထဲမှ မိုးရွာသည့်အချိန်တွင် (Humidity) စိုထိုင်းဆကို လျှော့ချပေးနိုင်သော စနစ်သစ် Air Cooler များကို ၁၅ ရာခိုင်နှုန်းထိ ဈေးလျှော့ရောင်းမည်ဖြစ်သည်။

ရောင်းချ

ထို့ပြင် Rice Cooker များ၊ Microwave Oven ပန်ကာများနှင့် ဓာတ်ဘူးကို ၃၅ ရာခိုင်နှုန်း၊ အဖျော်စက်၊ မီးပူများနှင့် ရေနွေးအိုးကို ၃၀ ရာခိုင်နှုန်း၊ မျှော်စင်ပန်ကာများ (Tower Fan) ၄၀ ရာခိုင်နှုန်း၊ စားပွဲတင် (Power Fan) ၃၀ ရာခိုင်နှုန်း၊ Khaitan Ceiling Fan များ၊ ဂက်(စ်)မီးဖိုများကို ၅ ရာခိုင်နှုန်း၊ Hair Dryer မျိုးစုံကို ၂၅ ရာခိုင်နှုန်း၊ သံလိုက်မီးဖိုကို ၃၂ ရာခိုင်နှုန်း၊ ခြင်ဖမ်းစက်များကို ၁၀ ရာခိုင်နှုန်း၊ အသားကင်စက်များနှင့် ဖုန်စုပ်စက်များကို ၂၅ ရာခိုင်နှုန်းအထိ ဈေးလျှော့၍ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူလိုပါကMACO Electronics (Khind Digital World) Showroom အမှတ်-၂၀၄ မြေညီထပ် (၁၃၄×၁၃၅) လမ်းကြား၊ စက်ရုံလမ်း မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန် ဖုန်း-၂၀၅၁၃၀၊ ၀၁-၉၀၀၀၀၀၇၊ ၉၀၀၀၂၅၅၊ ၉၀၀၀ ၂၅၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မောင်းလျှင်မမူးနှင့်
မူးလျှင်မမောင်းနှင့်

ငါးရစ်ငါးသန်ရာသီချိန် ငါးဖမ်းဆီးမှုမရှိစေရေး ပညာပေးဟောပြော

အမာ မေ ၂၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးရစ်ငါးသန်ရာသီချိန် ငါးဖမ်းဆီးမှုမရှိစေရေး၊ တရားမဝင်နည်းလမ်းများဖြင့် ငါးဖမ်းဆီးမှုမရှိစေရေး၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက လွတ်မြောက်စေရန် ဆောင်ရွက်မှုနည်းလမ်းများနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲကို မေ ၂၀ ရက် နံနက်ပိုင်းက အမာမြို့နယ် ဒေးဒလူကျေးရွာအုပ်စု၊ ကုလားထိပ်ကျေးရွာတွင်လည်းကောင်း၊ ညနေပိုင်းတွင် ချောင်းဝကျေးရွာတွင်လည်းကောင်း ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အမာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးမင်းဇော်က ငါးရစ်ငါးသန်ဖမ်းဆီးမှုမပြုရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီးတက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၆၇)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့်

[illegible]

နေပြည်တော် မေ ၂၉

စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

ပေါင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးနှင့် စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပန္နက်တင်ပွဲတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ဌေး၊ ပေါင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးဝင်း၊ စခန်းမှူး ရဲအုပ်လှိုင်ကျော်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် မြို့နယ်အခွန်ဦးစီးမှူး ဦးမော်ဝင်းတို့က သတ်မှတ်နေရာအသီးသီးတွင်ပန္နက်များ တင်ပေးခဲ့ကြသည်။

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဆောက်လုပ်မည့်အဖွဲ့ရုံးနှင့်စာကြည့်တိုက်သည် အလျား ၂၃ ပေ၊ အနံ ၁၉ပေ၊ အမြင့် ၁၂ပေ၊ အုတ်ကာ၊ သွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး အဆိုပါ အဆောက်အုံအား ပေါင်မြို့နယ် ကော့ကရင်ကျေးရွာမှ ဦးအေးမောင်က ငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်အေး ကဗျာဆရာ (မောင်ဟေမာ) (အလင်္ကာဝတ်ရည်တေးဂီတထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)က ငွေကျပ်နှစ်သိန်း စုစုပေါင်း မတည်လှူဒါန်းငွေ ကျပ် ၁၂ သိန်းဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၂၄)

မေတ္တာကမ္ဘာစာကြည့်တိုက် မြိုင်မြို့နယ်၌ဖွင့်

ပခုက္ကူခရိုင် မြိုင်မြို့နယ် သနပ်ပင်ကုန်းအုပ်စု ချောင်းဦးကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ဆောက်လုပ်သော မေတ္တာကမ္ဘာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးတင်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

သမံတလင်းခင်း

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်သည် အလျား ၂၄ ပေ အနံ ၁၄ ပေ၊ သွပ်မိုး၊အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ
လှူမိတ်ဆွေ

ကော့မှူးမြို့နယ်၌ ဉာဏ်မျက်စိ စာကြည့်တိုက်ဖွင့်

*ကော့မှူးမြို့နယ် တောင်ချောင်ကျေးရွာ ဉာဏ်မျက်စိစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)***

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းက ငွေကျပ် ခုနစ်သိန်းခုနစ်သောင်း၊ အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းက စာအုပ်စာစောင် အုပ်ရေ ၁၅၀၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးစိန်လှမောင်က စာအုပ်စာစောင် အုပ်ရေ ၅၀၊ ညောင်ကုက္ကိုင်းတောရကျောင်း ဆရာတော် ဦးသာရိတက စာအုပ်စာစောင် ၁၃၈၅ အုပ်နှင့် ကျောင်းအုပ် ဆရာကြီးက စာအုပ် အုပ်ရေ ၅၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။
(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေး ရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၂၈ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိရာ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြုကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)